# "အသိပေးကြေညာချက်"

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံခြားကုမ္ပဏီများမှ ဒါရိုက်တာများ၊ ပညာရှင်များနှင့် မြန်မာကုမ္ပဏီများမှငှားရမ်းခန့်အပ်ထားသော နိုင်ငံခြားသားပညာရှင်များနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် ပြည်ဝင်ခွင့်နှင့် နေထိုင်ခွင့်ဗီဇာ သက်တမ်းတိုးခြင်းကိစ္စများအတွက် ထောက်ခံဆောင်ရွက်ပေးရာတွင် ယခင်က နိုင်ငံခြားသား၏သက်ဆိုင်ရာနိုင်ငံ သံရုံးထောက်ခံစာနှင့် နေထိုင်သည့် ရပ်ကွက်ထောက်ခံစာများ တင်ပြစေခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာမှ ပိုမိုလွယ်ကူစေရန် သံရုံးထောက်ခံစာနှင့် နေထိုင်သည့်ရပ်ကွက်ထောက်ခံစာများတင်ပြရခြင်းကို ၁-၈-၂၀၁၆ ရက်နေ့မှစ၍ ဖြေလျှော့ပေးခဲ့ပါသည်။

၂။ လက်ရှိအားဖြင့် ဌာနအနေဖြင့် ဗီဇာသက်တမ်းတိုး ထောက်ခံနိုင်ရေး အတွက် စိစစ်ရာတွင်အထောက်အကူဖြစ်စေရန်ကုမ္ပဏီများအနေဖြင့် အောက်ပါအချက်အလက်များကို ပြည့်စုံစွာတင်ပြရန် လိုအပ်လျက်ရှိပါသည်-

(က) ကုမ္ပဏီမှ ဆောင်ရွက်နေသည့်လုပ်ငန်းကိုတိကျစွာ ဖော်ပြရန်နှင့် လုပ်ငန်းနှင့် သက်ဆိုင်သည့်ဌာန အဖွဲ့အစည်းမှ ထုတ်ပေးထားသော လုပ်ငန်း လိုင်စင် (သို့မဟုတ်) လက်မှတ်ကို တင်ပြရန်၊

(ခ) နိုင်ငံခြားသားအားကုမ္ပဏီတွင်ပေးအပ်ထားသည့်တာဝန်ကိုတိတိကျကျ ဖော်ပြရန်၊

၃။ ဗီဇာသက်တမ်းတိုးလျှောက်ထားရာတွင် လုပ်ငန်းပိုမိုလွယ်ကူချောမွေ့စေရေး အတွက် ကုမ္ပဏီများမှ ဌာန၏ လိုအပ်ချက်များအား ပူးပေါင်း ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန